ညောင်ပင်(ရွာသစ်)ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်(ရွာသစ်)ကျေးရွာ၊မုံရွာမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မုံရွာမြို့နယ် မှကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ညောင်ပင်(ရွာသစ်)ကျေးရွာသယံဇာတပြမြေပုံ၊ မုံရွာမြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က)သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာမီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိက ထား ဖော်ပြထားပါသည်။

ဇူလိုင် လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်(ရွာသစ်)ကျေးရွာ
မုံရွာမြို့နယ်

J

ညောင်ပင်(ရွာသစ်)ကျေးရွာသယံဇာတပြမြေပုံ၊ မုံရွာမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်ပင်(ရွာသစ်)ကျေးရွာသည် ညောင်ပင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး မုံရွာမြို့နယ်၏ အရှေ့တောင်ဝိုင်းတွင် တည်ရှိပါသည်။ ကျေးရွာသည် ကျောက္ကာတောင်မကြီး တောင်ခြေတွင် တည်ရှိပြီး မုံရွာမြို့နယ်နှင့် (၁၃)မိုင် ကွာဝေးပါသည်။ ညောင်ပင်ကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် တောင်ကြားကျေးရွာအုပ်စု၊ တောင်ဘက်တွင် တောင်မတောကျေးရွာအုပ်စု၊ အနောက်ဘက်တွင် ဇီးကုန်းကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ထနောင်းဝင်းကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက် ရှိပါသည်။ ညောင်ပင်(ရွာသစ်)ကျေးရွာတွင် မြေပြန့်လွင်ပြင်သာရှိပြီး ကျောက်ကုန်းမြေများ ဖြစ်သောကြောင့် မြေဩဇာ ကောင်းမွန်မှုမရှိသောကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်း လျော့ကျလျက် ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ပူနွေးစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၅.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၄) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လူနေအိမ်များ ထူထပ်ခြင်း၊ တောတောင်ရေမြေသဘာဝများ ရှားပါးခြင်းတို့ကြောင့် တောကြောင်၊ သင်းခွေချပ်၊ ကျီ၊

တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုး စသည့် တောရိုင်းတိရိစ္ဆာန်များ မရှိပါ။ ကျောက္ကာတောင်မကြီး၏ တောင်ခြေတွင် တည်ရှိသောကြောင့် ကျောက်များ အလွယ်တကူ ရရှိနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ အလွယ်တကူသယ်ဆောင်ရန် ယာဉ်ယန္တရားများ မရှိခြင်းတို့ကြောင့် အသုံးချနိုင်ခြင်းမရှိပါ။ ထို့ပြင် ယခင်က ကျောက်ထုလုပ်ငန်း လုပ်ကိုင်ကြသော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်များကို ထိန်းသိမ်းရန်အတွက် ကျောက်ထုလုပ်ငန်းအား မလုပ်ကိုင်ကြတော့ချေ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ မီးသတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့၊ လူထုအခြေပြုသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့၊ ရေကော်မတီအဖွဲ့၊ နာရေးကူညီမှုအသင်းအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် ဂေ့ ၇ ဂ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပေ။ အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် လယ်မြေ(၁၂)ဧက၊ ဥယျာဉ်ခြံမြေ(၃၀) ဧက၊ တောင်ယာမြေ(၆၈၁)ဧက၊ စားကျက်မြေ(၂)ဧက၊ မြေလွတ်မြေလပ်(၂၇)ဧက၊ စုစုပေါင်း (၇၅၂) ဧက ရှိပါသည်။

မြေယာပိုင်ဆိုင်သူသည် စုစုပေါင်းအိမ်ထောင်စု၏ (၃၅.၁၄%)ရှိပြီး မြေယာမဲ့ အိမ်ထောင်စု (၅၂)အိမ် ရှိပါသည်။သီးနှံအထွက်နှုန်း မကောင်းသဖြင့် ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံရုံ မျှသာရှိပြီး ဈေးကွက်သို့ အနည်းငယ်သာ တင်ပို့ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် တွင်းရေကိုသာ အားထားစိုက်ပျိုးကြပြီး ရေးသွင်းစိုက်ပျိုးနိုင်မည့် ရေ အရင်းအမြစ်များ အလွယ်တကူ ရရှိနိုင်ပါသော်လည်း နွေရာသီတွင် သောက်သုံးရေ ရှားပါးလျက်ရှိပါသည်။

ကျေးရွာတွင် ပြောင်း၊ ပဲစိမ်းငုံ၊ ပဲကြား၊ ဝါ စသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး မြေဆီလွှာမ ကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓါတ်မြေဩဇာ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ သိရှိမှုနည်းပါးခြင်း စသည်တို့ကြောင့် သီးနှံအထွက်နှုန်း လျော့နည်းနေရခြင်း ဖြစ်ပါသည်။ ဆင်းရဲသားတောင်သူအများစုသည် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းလုပ်ကိုင်နေသူများသည့်အတွက် လယ်လုပ်ချိန်တွင် အချိန်နှင့်တပြေးညီ တွင်ကျယ်စွာ ပြုလုပ်နိုင်ခြင်းမရှိသည့် အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့နေရပါသည်။

သီးနှံအထွက်နှုန်း တိုးစေရန်အတွက် မိုးရေကိုသာ အဓိကအားထားရပြီး စိုက်ပျိုးမြေများတွင် မြေဆီဩဇာမကောင်းခြင်း၊ ပိုးမွှားရောဂါများ ကျရောက်ခြင်း၊ စိုက်ပျိုးမြေမလုံလောက်သည့်အတွက် စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။

သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှ ၅ ါဆီဩဇာမကာင်းခြင်း၊ နည်းပညာဗဟုသုတ နည်းပါးခြင်း၊ ကောင်းမွန်သော သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်း သက်သာသော ချေးငွေများ အလွယ်တကူ မရရှိခြင်းတို့ ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၆၄)အိမ်သာရှိပြီး နွားကောင်ရေ (၂၉၈)ကောင်ရှိပါသည်။ ထို့ပြင် နို့စားနွားမွေးမြူသော အိမ်ထောင်စု(၂)စုရှိပြီး (၄)ကောင်ရှိပါသည်။ ဆိတ်မွေးမြူသော အိမ်ထောင်စု(၁၃)စုမှ ဆိတ်ကောင်ရေ(၆၂၄)ကောင်၊ သိုးမွေးမြူသော အိမ်ထောင်စု(၁၂)စုမှ သိုးကောင်ရေ(၂၉၄)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု

(၁၁)စုမှ ဝက်(၂၃)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၁၀၀)စုမှ ကြက်ကောင်ရေ(၁၀၅၀) ကောင်နှင့် ဘဲမွေးမြူသောအိမ်ထောင်စု(၅)စုမှ ဘဲကောင်ရေ(၁၀)ကောင် အသီးသီးမွေးမြူလျက် ရှိပါသည်။ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများ တွင် စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချ ကြရပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက်ရှိပါသည်။ တိရိစ္ဆာန်ရောဂါကျရောက်မှု ရှိသော်လည်း ကျေးရွာသည် မြို့နယ်နှင့် အလှမ်းဝေးသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များ မှလည်း အချိန်မီ လာရောက်မကုသနိုင်ခြင်းများ ရှိပါသည်။ မွေးမြူရေး၊ ကုသရေးနှင့် သက်ဆိုင်သည့် နည်းပညာပေးသင်တန်းများ လိုအပ်နေပါသည်။

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေနှင့်ရေ အသင့်အတင့် ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူမည်ဆိုပါက အဆင်ပြေနိုင်မည်ဖြစ်ပြီး ကျေးရွာတွင် ကူးသန်း ရောင်းဝယ်ရေးများ လုပ်ကိုင်နိုင်သည့်အတွက် ထုတ်ကုန်များကို လွယ်ကူစွာနှင့် ရောင်းချနိုင်သည်။ မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိခြင်း၊ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီခြင်း များ ရှိနေသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ လိုအပ်နေ ပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ရောင်းချကြသော ဈေးဆိုင်ငယ်များနှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ အများအပြား ရှိပါသည်။ ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့်ရှိပြီး လမ်းပန်း ဆက်သွယ် ရေးအခြေအနေမှာ အလွန်ကောင်းမွန်သည့်အနေအထား မဟုတ်သော်လည်း သွားလာရ အဆင်ပြေ ပါသည်။ လူငယ်များ အလုပ်အကိုင် အခွင့် ၆ မ်းများ ရရှိလာစေရန် အသက်မွေးဝမ်း ကျောင်း သင်တန်းများ လိုအပ်နေပါသည်။

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါး သည့်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီး ငွေအတွက် ကာလရှည်ချေးငွေလိုအပ်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးမရရှိဘဲ အိမ်သုံးဆိုလာများဖြင့်

သာ အသုံးပြုနေရသဖြင့် အသေးစားလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန် အခက်အခဲများ ရှိနေပါသည်။

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ကွမ်း၊ ပဲစိမ်းငုံ၊ ပဲကြား၊ ဝါ၊ ပြောင်း၊ ခရမ်းချဉ်၊ ခရမ်း၊ ငရုပ်၊ သနပ်ခါး တို့ ပါဝင်ပါသည်။ မုံရွာမြို့နှင့် သွားလာရ ဝေးကွာသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှု အားနည်း ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေ များသာ ရရှိပါသည်။ အခြားအသေးစား ပုဂ္ဂလိက ချေးငွေကုမ္ပဏီများမှလဲ ချေးငွေများ ရရှိပါသော်လည်း အတိုးနှုန်းကြီးစွာ ချေးယူရသဖြင့် စီးပွားရေးကြပ်တည်းမှုများ ဖြစ်ပေါ်နေပါသည်။ အချို့တောင်သူများမှာ ပုံစံ(၇) ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေမရယူနိုင်ခြင်းများ ရှိပါသည်။ သမဝါယမ ချေးငွေသည်လည်း အသင်းဝင်ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေးခြ်မရသည်များ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများ ထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရပါသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စများတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၁၈၄)စီး၊ စက်ဘီး(၄၂)စီး၊ ထော်လာဂျီ (၂)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ နွားလှည်း(၂၉)စီး၊ ကား(၂,?) ၂၂ပြီး ရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ၎င်းယာဉ်များဖြင့် အဓိက ပို့ဆောင်ကြပါသည်။

ကျေးရွာတွင်းရှိ လမ်း(၂)လမ်းသည် မြေသားလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်လိုပြီး ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် သွားလာရအခက်အခဲ ဖြစ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုမရှိသဖြင့် အိမ်သုံးဆိုလာများကိုသာ အဓိကအားထား အသုံးပြုနေရပါသည်။ ထို့ကြောင့် ကျောင်းသား/သူများအတွက် ပညာရေးအခက်အခဲဖြစ်စေပြီး သတင်းအချက်အလက် နည်းပညာဗဟုသုတများကိုလေ့လာရန် အခက်တွေ့စေပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေး ကဏ္ဍာတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီ ချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ စေမှုကို အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၂၁၅)လုံး၊ ရေဒီယို(၅၂)လုံး၊ တီဗွီ(၄၅)လုံး၊ စလောင်း(၁၉)ခု စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကိုစနစ်တကျ သုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄)နာရီမီးလင်းမှု မရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်းများ မပြုလုပ်နိုင်သောကြောင့် သတင်းအချက်အလက်များ အချိန်မီ သိရှိနိုင်ရန်အတွက် အခက်အခဲရှိနေပါသည်။

၆။ ပညာရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် စာတတ်မြောက်မှု (၅၀)ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ (၄)ဦးအထိ ရှိနေပြီ ဖြစ်ပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၃၄၃)ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၇၀)ဦးရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့်

တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ တစ်ဝက်ကျော် ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်နေ ပါသည်။

ကျေးရွာတွင် ယခုလက်ရှိပညာသင်ကြားနေသောလူဦးရေမှာ (၁၂၆)ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်းသာရှိသည့်အတွက် အထက်တန်းပညာရေးအတွက် ကျောက္ကာ(တ)ကျေးရွာနှင့် မုံရွာမြို့သို့ တက်ရောက်ရသဖြင့် ပညာရေးဆိုင်ရာ တိုးတက်မှုနည်းပါးလှပါသည်။

မူလတန်းကျောင်းဖြစ်သည်နှင့်အညီ ကိုယ်ထူကိုယ်ထ နံကပ်သွပ်မိုးကျောင်းဆောင် (၁)ဆောင်နှင့် ကပ်ဆောင်(၁)ဆောင်သာ ရှိသည့်အတွက် ကျောင်းဆောင် အဆောက်အဦး လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ကျောင်းဆရာ/ဆရာမများနေထိုင်ရန်အတွက် လေးခန်းတွဲဝန်ထမ်းအိမ်ယာ (၁)လုံး၊ ကျောင်းသား/သူများ ဗဟုသုတရရှာဖွေရန်အတွက် ကျောင်းစာကြည့်တိုက်နှင့် သုံးခန်းတွဲ အိမ်သာ(၂)လုံးလိုအပ်ပါသည်။ ကျောင်းသား/သူဦးရေမှာ (၆၂)ကျော်နီးပါးနှင့် ကျောင်း ဆရာ/ဆရာမ (၄)ဦးရှိပါသည်။ ညောင်ပင်(ရွာသစ်)ကျေးရွာနှင့် စာသင်ကျောင်းသည် ကျေးရွာနှင့် (၁)မိုင် ခန့်မျှ ကွာဝေးသည့်အပြင် သွားလာရန် လမ်းများမကောင်းသောကြောင့် ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် မိမိတို့၏ ကလေးငယ်များအား အနီးအနားရှိ ကျောက်ခွက်ကျေးရွာနှင့် ညောင်ပင်ကျေးရွာများသို့ သွားရောက် ပညာသင်စေကြပါသည်။

စာသင်ကျောင်းဆောင် (၂)ဆောင်အား ပြန်လည်ပြုပြင်ရန်လည်း လိုအပ်ပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာအသင့်အတင့် အနေအထားသာရှိပါသည်။ ကျောင်းသား/သူများကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာမှုကိုဆောင်ရွက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍ မရှိပါ။ သွေးလွန်တုပ်ကွေး၊ ဆီးချို့နှင့် သွေးတိုးရောဂါများ အနည်းအကျဉ်းဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့်

ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက် ရှိပါသည်။

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသည့် အတွက် ကျေးရွာနှင့် (၅)မိုင်အကွာတွင် ရှိသော ရွာတုံကျေးရွာအုပ်စုရှိ ကျေးလက်ဆေးပေးခန်းတွင် ဆေးကုသမှုခံယူရပါသည်။

အရေးပေါ်အခြေအနေမျိုးဖြစ်ပေါ်မှသာမုံရွာမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များ သီးသန့်မရှိသော်လည်း ကုန်စုံဆိုင်ငယ်များတွင် အိမ်သုံးဆေးအချို့ကို ဝယ်ယူရရှိနိုင်ပါသည်။

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် အဝီစိရေတွင်း(၈၇)တွင်းနှင့် အဝီစိတွင်း/စက်တပ် (၂၁)တွင်းရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရာသီ(၃)မျိုးလုံးတွင် သောက်သုံးရေအလုံအလောက်ရှိပါသော်လည်း နွေရာသီတွင် သောက်သုံးရေ ရှားပါးမှုများ ကြုံတွေ့ရတတ်ပါသည်။

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် အိမ်ထောင်စု တစ်ဝက်လောက်သာလျှင် သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိသဖြင့် ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ရာသီအလိုက် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေး

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်မည့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့အား ဖွဲ့စည်းထားရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲစည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထို့မှသာလျှင် ကျေးရွာသူ/သားများကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ညောင်ပင်(ရွာသစ်)ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့်ပင် ဖြစ်သည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ တန်းတူသာ ရှိပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသား များနှင့် တန်းတူပါဝင်လုပ်ဆောင်ကြသဖြင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ထိုနည်း တူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၃၅၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံးလု[illegible]သည် (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့် အိမ်ထောင်စုများတွင် ဝမ်းစာဖူလုံမှုအားနည်းပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အေ[illegible]ိ ြင့်တင်ပေးပြီးကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများပုမုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိ သဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ရန် လိုအပ်နေပါသည်။

နောက်ဆက်တွဲ ၃

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်
လမ်းတံတား၊ လျှပ်စစ် ကဏ္ဍ						
၁။	ရွာတွင်းလမ်း မကောင်းခြင်း	မြေသားလမ်း ဖြစ်နေခြင်း	ကျေးရွာလုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကွန်ကရစ်လမ်း ဆောင်ရွက်ခြင်း
ကျန်းမာရေးကဏ္ဍ						
၂။	ကျန်းမာရေး စောင့်ရှောက်မှု မရခြင်း	ကျေးလက် ဆေးပေးခန်း မရှိခြင်း	မြေနေရာရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက် ခြင်း	ကျေးလက်ဆေးပေးခန်း တည်ဆောက်ရရှိအောင် ဆောင်ရွက်ခြင်း
ပညာရေး						
၃။	ကျောင်း အဆောက်အအုံ မလုံလောက်ခြင်း	အဆောက်အအုံ မကောင်းမွန်ခြင်း	စုပေါင်းလုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက် ခြင်း	ကျောင်း အဆောက်အအုံ တည်ဆောက်ခြင်း
လူငယ်ဖွံ့ဖြိုးရေးကဏ္ဍ						
၄။	အားကစားကွင်း	ဆင်းရဲခြင်း၊	လုပ်အားရရှိခြင်း	ငွေကြေး၊ နည်း	နေရာကျယ် ကျယ်နှင့်	ခြင်းလုံး၊ ဖူဆယ်၊

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်
	မရှိခြင်း	ကျန်းမာရေး အသိမရှိခြင်း		ပညာ	တန်ဖိုး ကြီးပစ္စည်းများ မလိုသည့် အားကစား နည်းများမှ စတင်၍ လူငယ်များ အားကစား မှန် မှန်လုပ်လာရန် စီစဉ်ပေးခြင်း	စသည့်တို့ကို လူငယ် များ စုဖွဲ့ ကစားနိုင် ရန် စီစဉ်ဖန်တီးခြင်း၊ အားကစားပစ္စည်း များ ပြည့်စုံစွာ ဆောင် ရွက်ခြင်း
၅။	စာပေဗဟုသု တအားနည်းခြင်း	စာကြည့်တိုက် စာအုပ်များ ပြည့်စုံစွာ မရှိခြင်း	စာဖတ်ရန် စိတ် အားထက်သန် မှုရှိခြင်း	ငွေကြေး၊ နည်း ပညာ	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်းနှင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခြင်း	စာပေဗဟုသုတ စာအုပ်များ ရရှိအောင် ဆောင်ရွက်ခြင်း
စိုက်ပျိုးရေး(သီးနှံ) ကဏ္ဍ						
၆။	မျိုးကောင်း မျိုးသန့် မရရှိ ခြင်း	ဆင်းရဲခြင်း၊ မျိုးချရန် အသိ မရှိခြင်း၊ မျိုး သန့်ပွားနည်း ပညာမသိရှိ ခြင်း	စိုက်ပျိုးရေးဌာန ရှိခြင်း၊ စိုက်ပျိုး ရေးကုမ္ပဏီရှိ ခြင်း	ကုမ္ပဏီများ မိမိ ဆေးရောင်းရရေး သာ အလေးထား ခြင်း	စိုက်ပျိုးရေးဌာ နနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း ပုဂ္ဂလိကအဖွဲ့ အစည်းများအား ချိတ်ဆက် ဆောင်ရွက်ခြင်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများစိုက်ပျိုး ရေးနည်းပညာများရရှိ အသုံးပြုမှု တိုးတက် အောင်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့် စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း
ထုတ်ကုန်လုပ်ငန်းများ၊ SMLE						
၇။	အသက်မွေးဝမ်း ကျောင်းပြုနိုင် သည့် တတ်မြောက်မှု မရှိခြင်း	ကျွမ်းကျင် ပညာရှင်များ၏ သင်တန်း များ မတက် ရောက်နိုင်ခြင်း	စိတ်ပါဝင်စားသူ လူငယ်များစွာ ရှိခြင်း	ငွေကြေး၊ နည်း ပညာ	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်းနှင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခြင်း	အသက်မွေးဝမ်း ကျောင်းသင်တန်းများ ပို့ချခြင်း

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ညောင်ပင်			ကျေးရွာအမည် – ညောင်ပင်(ရွာသစ်)	မှတ်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းများ	ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်း (၉၂၀'x၁၄'x၆") ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂	ကျန်းမာရေး	ကျန်းမားရေးအဆောက်အဦ	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	
၃	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသောမိသားစုများအတွက် ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများစီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	
၄	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	အားကစားကွင်းပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများဖြည့်တင်းခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းသင်တန်းများဆောင်ရွက်ခြင်း။	
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင် အဆောက်အဦထပ်မံတိုးချဲ့ခြင်း။	
၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းစာကြည့်တိုက်တွင် လူငယ်များစာပေလေ့လာနိုင်ရန်အတွက် ဗဟုသုတစာအုပ်စာပေများပြည့်စုံစွာထားရှိခြင်း။	

ညောင်ပင်ကျေးရွာအုပ်စု၊ ညောင်ပင်(ရွာသစ်)ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်ဦး	ဦးဝင်းမြင့်	၅/မရန(နိုင်)၁၉၇၂၂၈	၃၆	ဥက္ကဋ္ဌ	09-664055800
၂	ဦးလှထွန်းနိုင်	ဦးထွန်းတင်	၅/မရန(နိုင်)၁၇၁၈၃၂	၄၁	ဘဏ္ဍာရေးမှူး	09-971773704
၃	ဒေါ်သွဲ့သွဲ့ဝင်း	ဦးမြင့်အောင်	၅/မရန(နိုင်)၁၉၇၁၃၉	၃၆	အတွင်းရေးမှူး	09-894437504
၄	ဦးမြင့်ထွေး	ဦးညွန့်မောင်	၅/မရန(နိုင်)၀၀၁၄၂၅	၄၇	ငွေစာရင်းကိုင်	-
၅	ဒေါ်ဝင်းနွယ်	ဦးညိုမောင်	၅/မရန(နိုင်)၂၆၇၆၂၂	၄၅	အဖွဲ့ဝင်	-
၆	ဒေါ်သီတာဝင်း	ဦးကျော်လှ	၅/မရန(နိုင်)၁၉၇၂၉၆	၃၉	အဖွဲ့ဝင်	09-457953322
၇	ဦးအောင်ဇော်မိုး	ဦးသိန်းတင့်	၅/မရန(နိုင်)၀၆၂၀၇၅	၂၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁၅	၁၉
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၈	၂၄	၅၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၃	၂၇	၇၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၆	၄၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၈	၂၂၄	၄၂၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၃	၁၈
စုစုပေါင်း		၃၀၁	၃၂၉	၆၃၀
စုစုပေါင်း အိမ်ထောင်စု				၁၄၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆို သည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည် မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလို သည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်(ရွာသစ်)ကျေးရွာသည် အိမ်ထောင်စု စာရင်း ကောက်ယူ ရာတွင် ကျေးရွာရှိ နေအိမ်များသည် အစုလိုက် အစုလိုက်ဖြစ်နေပြီး တောထဲတွင် နေထိုင်သူများ လည်း ရှိနေသဖြင့် တစ်နေရာနှင့်တစ်နေရာ ဝေးကွာသောကြောင့် စာရင်းဇယား ကောက်ယူရာတွင် အခက်အခဲများစွာရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
	လယ်ယာစိုက်ပျိုးရေး				
၁	ကိုယ်ပိုင် လုပ်ငန်း	၄၃	၁၀၁	၄၉	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၅	၄၅	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အမြဲ ထောင်စု	မိသားစု ဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၅	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၂	၅	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၆	၂၂	၂၆	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၂	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ မိသားစုများသည် လုပ်ငန်းတစ်ခုထဲတွင် အဓိကရပ်တည်နိုင်မှု မရှိဘဲ ရာသီအလိုက် ကျပန်းလုပ်ကိုင်စားသောက်ကြရပါသည်။ အလုပ်အကိုင် အတည်တကျ မရှိနိုင် ဘဲ အဆင်ပြေသလို လုပ်ကိုင်စားသောက်ကြရသော မိသားစုဝင်များပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၃၅၀၀	၄၅၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၈၀၀၀	၄၀၀၀	၆၀၀၀	၃၅၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၆၅၀၀	၄၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၇၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ဖျက်ပိုးကျရောက်မှုများပြားခြင်း၊ ဓါတ်မြေဩဇာပိုးသတ် ဆေးများ တန်ဖိုးကြီး ခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ စျေးနှုန်းမကောင်းခြင်းများကြောင့် တောင်သူများမှာ အလုပ် သမားများကို အခြားလုပ်ငန်းများကဲ့သို့ နေ့စားခတန်းတူမပေးနိုင်ခြင်း တို့ကြောင့် လုပ်သားရှားပါး မှု ကြုံရပါသည်။ လုပ်သားများသည် တခြားဒေသများသို့ သွားရောက် လုပ်ကိုင်ကြပါက အမြင့်ဆုံး လုပ်အားခများ ရရှိကြပြီး မိမိတို့ဒေသတွင် လုပ်ကိုင်ပါက လုပ်အားခ နည်းပါးကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	၁၂.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၈၁.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၂.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၂၇.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၇၅၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စားကျက်မြေရှားပါးခြင်းမှာ နိုင်ငံတော်မှ သစ်တော များပြန်လည်ပြုပြင် စိုက်ပျိုးလာခြင်းကြောင့် စားကျက်မြေ နည်းပါးသွားရခြင်းဖြစ်သည်။ ယာမြေများတွင် မြေဆီလွှာ ခမ်းခြောက်နည်းပါးလာခြင်းကြောင့် စားကျက်မြေနည်းပါးသွားရခြင်း ဖြစ်ပါသည်။ ယာမြေများ တွင် မြေဆီလွှာ ခမ်းခြောက်နည်းပါးလာခြင်း၊ ကုန်းမြေများ ဖြစ်သဖြင့် မိုးရာသီ တွင်သာ လုပ်ကိုင် နိုင်ခြင်းကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်းများ နည်းပါးပါသည်။ တစ်ချို့သော ယာမြေများတွင် ပုံစံ(၇) မပြုလုပ်ပေးနိုင်သောကြောင့် စိုက်ပျိုးရေးချေးငွေများ မရရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာသီဥတု ဆိုးဝါးလာခြင်း၊ လူသား တို့၏ အသိဉာဏ် နည်းပါးစွာ အသုံးပြုခြင်းတို့ကြောင့် သဘာဝဆေးဘက်ဝင်အပင်များ၊ နွားစာများ နှင့် သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ ရှားပါးလာရခြင်းဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂	၄၈	၆၀	၂၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်ရှိပြီး မပြေလည်သော အိမ်ထောင်စုများ များပြားပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ရွာသစ်ကျေးရွာသည် ဝမ်းစာဖူလုံမှု ရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၃	၁	၄
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၃၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၃၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရပ်ရွာ/မိသားစု၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းပုဂ္ဂိုလ် ၄ဦး ခန့် ရှိပါသည်။ ထို့ပြင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၃၀)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ လုပ်ကိုင်နေရသည့် ဆင်းရဲသော အိမ်ထောင်စု (၃၆)စု ရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	ငှက်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီး ခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာ သူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံသူ မရှိပါ။ သဘာဝအရင်းအမြစ်များလည်း မရှိပါ။ ကျောက်တောင်များရှိသော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်အတွက် ကျောက် ထုခြင်းကို လုပ်ကိုင်သူရှားပါးပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်းများ ရံဖန်ရံခါ ကြုံတွေ့ရတတ်ပါသည်။

မီးဘေးအန္တရာယ်နည်းပါးပါသည်။ မြေပြုခြင်းမရှိပါ။ တိုက်နယ်ဆေးရုံမရှိ သည့်အတွက် ကျန်းမာရေးအထောက်အပံ့များတွင် ရရှိနိုင်မှု အားနည်းပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	**ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှု ရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်ကျေးရွာတွင် ဆင်းရဲသော တောင်သူဦးရေများပြားသဖြင့် ထိခိုက် သက်ရောက်မှုခံရသူများပြားပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၁၅	၀	၁၅	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	ကျောင်းကော်မတီ	၁ ☐ ၂ ☐ ၃ ☐	၄	၂	၆	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	ဘုရားဂေါပကအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၅	၀	၅	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	လူထုအခြေပြု သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၂၀	၃၀	၅၀	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၅	ကျေးရွာလူငယ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၂၀	၂၀	၄၀	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၆	ရေကော်မတီအဖွဲ့	၁ ☐ ၂ ☐☐☐☐☐၃ ☐	၉	၂	၁၁	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၇	နာရေးကူညီမှုအသင်း	၁ ☐ ၂ ☐ ၃ ☐	၁၀	၀	၁၀	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူထုအခြေပြုသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အဖွဲ့ ဖွဲ့စည်းထားသဖြင့် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးရွာ လူထုအတွက် ပျက်စီးဆုံးရှုံးမှု လျော့နည်းမည်ဖြစ်ပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Alliance	၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၂	စထာပနာ	၁ ▯▯၂ ▯▯၃ ▯▯၄ ▯ ၅ ▯▯၆ ▯▯၇ ▯	ပညာရေး ▯▯ငွေကြေး ▯▯ကျန်းမာရေး ▯▯ဘာသာရေး ▯▯စိုက်ပျိုးမွေးမြူရေး ▯▯သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁ □ ၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ညောင်ပင်(ရွာသစ်)ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများစွာရှိ၍ ချေးငွေလုပ်ငန်းအဖွဲ့အစည်းများသာ အများဆုံး ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၃၉	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၄၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်(ရွာသစ်)ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားပါသည်။ အများစုမှာ တောင်သူလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဇက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၉၈.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဇကေ)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☐	မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်(ရွာသစ်)ကျေးရွာတွင် သောက်သုံးရေမလုံလောက်ပါ။ ကျေးရွာ နှင့် ပေ(၄၀၀၀)ခန့်ဝေးသော ရေတွင်း(၁)တွင်းမှသာ သောက်ရေ၊ သုံးရေကို ရယူသုံးစွဲနေရပါသည်။ အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ထားသော်လည်း ကျေးရွာနှင့်ဝေးသော နေအိမ်များတွင် အခက်အခဲရှိပါသည်။ တစ်ချို့ဝေးသော နေအိမ်များသည် ဆိုင်ကယ်များဖြင့် လာရောက်ခပ်ယူ ရပါသည်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အားထား၍ အသုံးပြုနေရပါသည်။ ကျေးရွာသည် နှစ်ခြမ်းကွဲနေပြီး ကျေးရွာ၏အရှေ့ဘက်ခြင်းမှာသာ ရေချို့ရှိပြီး နောက်ဘက်ခြမ်းသည် ရေငန်များ သာ အသုံးပြုနေရပါသည်။ ဆည်မြောင်းများ မရှိပါ။ ၎င်းတို့၏ ယာမြေများထဲတွင် လက်ငင် အဝီစိတွင်းများမှ တစ်နိုင်တစ်ပိုင် ရေရယူသုံးစွဲနေရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပဲစဉ်းငုံ	၁၃၀	တင်း	၂	၄	၃	မေ	ဒီဇင်ဘာ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯လတ် ▯▯▯▯နိမ့် ▯▯
နှမ်း	၁၁၅	တင်း	၂	၄	၃	ဩဂုတ်	နိုဝင်ဘာ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯လတ် ▯▯▯▯နိမ့် ▯▯
ဝါ	၉၁	ဝိဿာ	၅၀	၁၀၀	၇၅	မေ	ဒီဇင်ဘာ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯လတ် ▯▯▯▯နိမ့် ▯
ပြောင်း	၁၀၀	တင်း	၁	၅	၃	ဇွန်	ဒီဇင်ဘာ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯လတ် ▯▯▯▯▯နိမ့် ▯
ပဲ	၉၀	တင်း	၃	၅	၄	ဩဂုတ်	ဒီဇင်ဘာ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯
ဂျုပ်	၄၀	ဝိဿာ	၁၀၀	၁၅၀	၁၂၅	မေ	ဖေဖော်ဝါရီ	မြင့် ▯▯▯▯လတ် ▯▯▯▯နိမ့် ▯	မြင့် ▯▯▯လတ် ▯▯▯▯နိမ့် ▯▯

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်(ရွာသစ်)ကျေးရွာသည် သီးနှံစိုက် တောင်သူအများစုမှာ ပဲစဉ်းငုံ၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲသီးနှံများတွင် နှစ်စဉ်အရှုံးပေါ်နေ၍ နွားစာများ ခက်ခဲခြင်း၊ ရာသီဥတုမမှန်ခြင်း၊ ပိုးမွှားထူထပ်ခြင်း၊ ရေရရှိမှု

မလုံလောက်ခြင်း၊ သီးနှံစျေးကွက် မမှန်ခြင်း၊ လုပ်သားငှားရမ်းနိုင်မှုမရှိခြင်းတို့ကြောင့် အခြားသီးနှံများ ဖြစ်ကြသော သနပ်ခါး၊ ကွမ်း၊ ခရမ်းချဉ်၊ ခရမ်း၊ ငရုပ်စသည်တို့ကို စိုက်ဧက နည်းနည်းဖြင့် အမြတ်ရရှိမှု သင့်တင့်သော်လည်း ဓါတ်မြေဩဇာဆေး၊ စိုက်ပျိုးရေးဆေးများ လုံလောက်စွာ အသုံးမပြုနိုင်ကြသဖြင့် ပျက်စီးဆုံးရှုံးမှု များ ရှိနေပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

